မေတ်မျိုး
စီစဉ်သည်

# ပန်းသိမ့်နိုင်

## မဟာအချစ်



# အခန်း(၁)

“ဟေး… ရောက်လာပြန်ပြီ… ထူးထူးဆန်းဆန်း လက်ဆောင်၊ လာကြည့်ကြအုံး”

ကိုကြီးမိုးဦးအသံကြောင့် အောက်ထပ်ဧည့်ခန်းမှာဆော့ကစားနေသော သားကြီးနှင့်သား ငယ်၊ ပြီးတော့ မီးမီး။ မီးဖိုချောင်မှာဟင်းချက်နေသော ကိုကြီး၏ ဇနီးခင်သစ္စာ၊ ထမင်းစားခန်းမှာသိုး မွေးဆွယ်တာထိုးနေသော ကိုကြီး၏ မိခင်ဒေါ်မြမြမိုး။ မီးဖိုချောင်မှာအဝတ်လျှော်နေသော ပူးစူးမ၊ ခြံ ထဲမှာသစ်ပင်ရေလောင်းနေသော မညို၊ ဧည့်ခန်းထဲမှာဖုန်ခါလှဲကျင်းနေသော ဒေါ်ကြီးသောင်း၊ ခြံ ထဲလမ်းလျှောက်နေသော ကိုကြီး၏ ဖေဖေဦးနိုင်ဦး… အားလုံး အားလုံးဝိုင်းအုံစုဝေးရောက်လာခဲ့ပေ မယ့်…

“မိုးဆင့်ရော… ညီမလေး ဘယ်မှာလဲ… ခေါ်လိုက်အုံးလေ၊ ပက်ကင်ဖောက်ကြည့်ရအောင်”

ကိုဦးက ပူစူးမကိုပြောသည်။ ပူစူးမက အပေါ်ထပ်ကို တဒုန်းဒုန်းပြေးတက်သွား၏ ။

လက်ထဲကိုင်ထားသော ပက်ကင်ဘူးလုလုကြီးကိုစားပွဲပေါ်ချကာ အားလုံးကစောင့်နေကြ ၏ ။ တစ်နှစ်တစ်ခါမွေးနေ့ရောက်တိုင်း သည်လိုထူးဆန်းသော မွေးနေ့လက်ဆောင်ရောက်လာစမြဲ။

ထူးဆန်းတာက မွေးနေ့လက်ဆောင်မဟုတ်။ မွေးနေ့လက်ဆောင်ပေးပို့သော ပုဂ္ဂိုလ်လေး။ ဘယ်သူဘယ်ဝါမှန်း မသိ။ လျှို့ ဝှက်လွန်းစွာ လူသိမခံ။ သူ့ကိုမွေးနေ့ရှင်သိသွားမှာ စိုးရိမ်ပုံရသည်။

ဘာကြောင့်များပေါ်ပေါ်ထင်ထင်မပေးပဲ ပဟေဠိလုပ်ထားရတာ ပါလိမ့်။

ညီမလေးမိုးဆင့်ဆင့် ကိုယ်တိုင်ရော၊ သူတို့မိသားစုအားလုံးပါ အဲဒီလူကိုသိချင်သည်။

"မမမိုးဆင့်ဆင့် ရေချိုးနေတယ်" ပူစူးက ပြန်ပြေးဆင်းလာပြီးပြော၏ ။

"ဟုတ်လား"

ကိုဦးက ဖေဖေ့ကို လှမ်းကြည့်သည်။

"ဖေဖေ ဘယ်လိုထင်လဲ"

"မထင်ပါဘူး"

ဖေဖေက ထင်ကြေးမပေးပါ။ မပေးချင်တာ ဖြစ်လိမ့်မည်။ သမီးငယ်မိုးဆင့်ဆင့်ကို ဖေဖေ ကအရမ်းချစ်တာ။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ကိုဦး၏ ကလေးသူ့မြေးတွေထက်ပင် သမီးအငယ် ကိုပိုချစ်၏ ။

သည်လိုမွေးနေ့လက်ဆောင် ရောက်လာတတ်တာ ငါးနှစ်တိတိရှိခဲ့ပါပြီ။

ပထမဦးဆုံးနှစ်က ဖေဖေ အရမ်းစိတ်ပူခဲ့သည်။ မျက်နှာလည်းပျက်နေသည်။ အဲဒီ အချိန် တုန်းက ညီမလေးမိုးဆင့်ဆင့်က ဆယ်တန်းအောင်ပြီးစအရွယ် အရမ်းငယ်သေးသည်။ အခုတော့ ဘွဲ့တစ်ခုပင်ရခဲ့ပြီ။ နှစ်စဉ်နှစ်တိုင်းမွေးနေ့လက်ဆောင်ပို့ပေးတတ်သူက ခုထက်ထိထွက်ပေါ်မလာ။ ပူစူးကနောက်ထပ်တစ်ခေါက် အပေါ်ထပ်ကို ပြေးတက်သွား၏ ။

"ကျွန်တော်ကတော့ ယောက်ျားလေးပဲဖြစ်မယ်ထင်တယ်၊ မိန်းကလေးအချင်းချင်းဆို ဒီလို လုပ်နေစရာမလိုဘူးလေ"

"ဒါပေါ့ကွာ"

ကိုဦးစကားကို ဖေဖေက လက်ခံသည်။

“ခက်တာက ဘာလို့ လူသိမခံရဲရတာ လဲ”
မိုးဆင့်ဆင့်မွေးနေ့ရောက်ခါနီး တိုင်း ထူးဆန်း သောလက်ဆောင် ရောက်လာစမြဲ။

ထိုလက်ဆောင်ရောက်လာတိုင်း တစ်အိမ်သားလုံးက စိတ်ဝင်တစားကားဖြစ်မိစမြဲ။

ငါးနှစ်ရှိခဲ့ပေမယ့် ရိုးမသွားသေးပါ။

ဘယ်သူလဲဆိုတာ မိသားစုအားလုံးသိပ်သိချင်ပေမယ့် မိုးဆင့်ဆင့်က အရမ်းသိချင်ပုံမရ။

“သူကမသိစေချင်လို့ ဒီလိုလုပ်နေတာပဲ… မသိချင်ပါဖူး”ဟု ဆိုတတ်သည်။

မိုးဆင့်ဆင့်ကမသိချင်ပေမယ့် ဖေဖေ၊ မေမေနှင့်ကိုဦးက သိချင်လှ၏ ။

သည်လူ ညီမလေးကိုတကယ်ပဲ မြတ်နိုးနှစ်သက်လို့ပိုးနေတာလား။ အကြံအစည်တစ်ခုခုရှိ နေသလား။ အမျိုးမျိုးတွေးပူမိပါသည်။

*

## အခန်း(၂)

“ဘယ်သူလဲ”

ရေချိုးခန်းတံခါးကိုလာခေါက်တော့ မိုးဆင့်ဆင့်က အသံပြုမိ၏။

“ပူစူးပါ”

“ဘာဖြစ်လို့လဲ”

“မမမိုးဆင့်ကို ဖေဖေကြီးတို့ ခေါ်နေလို့ပါ”

“ဟုတ်လား”

သူက ရေချိုးခန်းအပြင်ကနေအော်၏။

“ရေချိုးနေတယ်လို့ ပြောလိုက်လေ”

“ပြောထားပြီးပြီ”

“ရေချိုးပြီးရင် ဆင်းလာမှာပေ့ါ”

“ဟုတ်ကဲ့၊ ဟိုဟာကြီးရောက်နေလို့”

“ဘယ်ဟာကြီးလဲ”

“မွေးနေ့လက်ဆောင်”

“အော်… အေး… အေး… လာမယ်”

မိုးဆင့်ဆင့်က ဖွေးဖွေးလှုပ်နေသောဆပ်ပြာမှုန့်တွေကို လက်နှင့်ယူကာပွတ်တိုက်ရင်း ဘေ တပ်(ပ်)(ကြွေရေချိုးကန်)ထဲက မထချင်သေးပါ။

တစ်ပတ်မှာ နှစ်ခါလောက်တော့ ခုလိုအကြာကြီးရေစိတ်ချိုးလိုက်ရမှ

မိုးဆင့်ဆင့်က အသန့်အပြန့်ကြိုက်သူပါ။ အဝတ်အစားတင်မက ထီး၊ ဖိနပ်ပါမကျန် ပိုက်ဆံ အိတ်အဆုံး အရမ်းသန့်နေမှကြိုက်သည်။

တကိုယ်ရေသန့်ရှင်းမှုကို အရမ်းဂရုစိုက်မိ၏ ။ ဘယ်တော့မှညစ်ညစ်ပေပေမနေ။ မွေးမွေး ကြိုင်ကြိုင်လှလှပပကလေးနေတတ်သူပါ။ ကိုယ့်အနားရောက်လာသော တစ်ယောက်ယောက်ညစ် ပတ်နံစော်နေလျှင်လည်း အရမ်းစိတ်အနှောင့်အယှက်ဖြစ်၏ ။

တချို့ က သန့်သန့်ပြန့်ပြန့်မနေ။ ကိုယ့်အတွက်ရော သူများအတွက်ပါနည်းနည်းစဉ်းစားပြီး တကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်သင့်သည်။

သန့်ရှင်းမှုဆိုတာ စိတ်နှင့်သာသက်ဆိုင်တာပါ။ အလုပ်မအားတာ အားတာ၊ ပိုက်ဆံရှိတာ မရှိတာနှင့်သိပ်မဆိုင်။

တချို့ က ရေချိုးပြင်းသည်။ မိုးဆင့်ဆင့်ကတော့ ရေကြိုက်သည်။ ရေနှင့်ထိတွေ့လိုက်ရမှ လန်းဆန်းလာသလိုထင်မိ၏ ။ ရေကို တစ်နေ့နှစ်ကြိမ် အနည်းဆုံးချိုးသည်။

“ဒီမှာအိပ်မက်တွေ… နိုပ်စက်နေ… ချစ်သူလေးရေ

တို့ဘဝကို သနားလှည့်ပါ ထားခဲ့မှာ

သိပ်ကိုကြောက်တယ် အချစ်ဆုံး ဘေဘီ…”

မိုးဆင့်ဆင့်က သီချင်းတစ်ပိုင်းတစ်စညည်းရင်း ရေချိုးခြင်းကိုလက်စသတ်၏ ။

ဖေဖေရော ကိုကြီးပါရှိနေကြတာမို့ သည်နေ့ အိမ်မှာလူစုံတက်စုံ မိသားစုစုံစုံညီညီ။ ကိုကြီး ဇနီးမိုးဆင့်ယောင်းမက အားလုံးစားဖို့

ကြာဇံချက်စီမံနေ၏။ အုန်းနို့နှင့်ချက်သော ကြာဇံချက်ကိုတစ် အိမ်လုံးကြိုက်နှစ်သက်ကြသည်။

မိုးဆင့်ဆင့်က ရေစိုနေသောဆံပင်တွေကို မျက်နှာသုတ်ပုဝါနှင့်တို့ကာ ဖွဖွသုတ်ရင်း အခန်း ထဲဝင်လာခဲ့၏။ ကုတင်ပေါ်တင်ထားခဲ့သော ဂါဝန်ရှည်ပျော့ပျော့ကို လဲလှယ်ဝတ်လိုက်၏။

ဆံပင်တွေကိုဘီးကြဲနှင့်ရှင်းကာ သနပ်ခါးပါးပါး မြန်မြန်လူးသည်။ မိုးဆင့်က သနပ်ခါးလည်း ကြိုက်သည်။ အိမ်မှာနေလျှင် သနပ်ခါးပါးပါးလူးထားစမြဲပါ။ အပြင်ထွက်လျှင်တော့ သနပ်ခါးမလိမ်း ပါ။ မိတ်ကပ်အရည်ပါးပါးကလေး လိမ်းပြီးအပေါ်ကနေ မျက်နှာတပြင်လုံးကို Kanebo ကထုတ် သောလိုရှင်းအရည်ကလေးဖျန်းလိုက်၏။ ရေအေးလေးနှင့်ဖျန်းပက်လိုက်သလို အေးသွားစေပြီးနေ ရောင်ဒဏ်ကိုလည်း ကာကွယ်ပေးသည်။ မျက်နှာလေးတင်းပြီး ဝင်းပြီး အရမ်းအဆင်ပြေသည်။

“သမီးရေ… မိုးဆင့်”

ဟော … မေမေခေါ်နေပြီ။ အခန်းတံခါးကို အသာဟပြီး

“လာပြီ မေမေရေ”ဟု အောက်ထပ်ကို လှမ်းထူးလိုက်၏။

ဆံပင်တွေကရေစိုနေသေးတာမို့ မျက်နှာသုတ်ပုဝါအသေးလေး အကျႌ တန်းကလှမ်းဆွဲယူ လျှက်ဆင်းလာမိသည်။

“လာ… လာ… ဒီမှာ ရောက်နေပြီ”

ကိုကြီးကိုဦးက ပက်ကင်စက္ကူဗူးလှလှကို လက်နှင့်ပုတ်ကာဆို၏။

“မမမိုးဆင့်ဆင့် အိမ်ထောင်ကျတဲ့အထိ ဒီလိုပဲပေးမှာလား မသိဖူးနော်”ဟု ပူစူးက မဆင်မ ခြင်ဆို၏။

“နင်ကလည်း လျှောက်ပြောနေပြန်ပြီ” ဟု မညိုက ဝင်တားသည်။

မိုးဆင့်ဆင့်က ပက်ကင်စက္ကူဗူးကိုဖွင့်လိုက်၏ ။ လှပနူးညံ့သော အရုပ်ကလေးနှစ်ရုပ်။ ပြီး တော့ဖိုတိုစတဲင်းန်လေး တစ်ခု။ ဘတ်ဒေးကဒ်တစ်ခု၊ ပွံ့ဝံ့ကြွားကြွားစည်းနှောင်ထားသော ပန်းစည်း လှလှ။

မိုးဆင့်ဆင့်က ဘတ်ဒေးကဒ်ကလေးကို ယူဖွင့်ကြည့်၏ ။ ရိုးရိုးကလေးပါပဲ။ "ရင်ထဲက အချစ်သစ်ပင်ကလေး ဒီနှစ် ဒီနေ့ မွေးနေ့ကစပြီး နောက်နှစ်မွေးနေ့အထိ ပျော်ရွှင်ချမ်းမြေ့ပါစေ"တဲ့။

ဆုတောင်းပေးပုံက ပြောင်းလဲမသွား။

"သား အရုပ်လိုချင်တယ်" ကိုဦး၏ သားငယ်က ချက်ချင်းပူဆာတောင်းဆို၏ ။

"ဟဲ့… မဟုတ်တာ၊ မယူရဖူး၊ သူများလက်ဆောင်ပေးတဲ့ဟာ၊ သားကိုမေမေဝယ်ပေးမယ်" ဟုကိုဦးမိန်းမ မိုးဆင့်ယောင်းမက ဝင်ဟန့်၏ ။

"ရပါတယ်၊ ယူပါစေ"

ကလေးနှစ်ယောက်ကို တစ်ခုစီပေးလိုက်သောအခါ မီးမီးက နှုတ်ခမ်းစူသည်။

"အန်တီမိုး… မီးဖို့ရော" တဲ့။

မိုးဆင့်က ဖိုတိုစတဲင်းန်ကလေးကို ပေးလိုက်၏ ။ ပန်းစည်းနှင့်ဘက်ဒေးကဒ်ပဲ ကျန်ခဲ့၏ ။

"ဒီနှစ်အရမ်းစောတယ်၊ မွေးနေ့က နောက်တစ်ပတ်ကြာသပတေးမှ"

ကိုဦးက သတိထားမိစွာဆို၏ ။

"မိုးဆင့် ညီမလေး"

"ဟင်"

"လမ်းမှာ သွားရင်လာရင် ပတ်ဝန်းကျင်မှာ နင့်ကိုစိတ်ဝင်တစားစောင့်ကြည့်နေတဲ့သူမရှိဖူး လား"ဟု စစ်ဆေးမေးမြန်းလာ၏ ။

"သတိမထားမိဖူး"

"ဒီလူ… နင့်ကို စောင့်ကြည့်နေမှာတော့အမှန်"

"ဟုတ်မှာပေါ့"

"နင်နည်းနည်း သတိထားကြည့်ပေါ့"

"အင်း"

ကိုဦးစကားကို ခေါင်းညိတ်မိသည်။မိုးဆင့်လည်း သိချင်တာပါပဲ။

တစ်ဖက်က မသိစေချင်လွန်းတော့ ဘာမှမတတ်နိုင်၊ ပိရိသိုပ်ှက်လွန်းတော့ ဖော်ထုတ်မရ။

သည်လိုလုပ်နေတာသည် မိုးဆင့်စိတ်ကို ကသိကအောက်ဖြစ်စေသည်။ သူ့လုပ်ရက်က သ သတ္တိနည်းရာကျသည်။ မိုးဆင့်ကို ရဲရဲရင်မဆိုင်ချင်တာ ဘာသဘောပါလိမ့်။

သူ့ကိုမသိစိတ်ထဲက နာကြည်းနေမိတာလား။

သူ့အကြောင်း မစဉ်းစားချင်။ ခေါင်းထဲမထည့်ချင်။ မေ့ထားတာပဲကောင်းသည်။

ခေတ်အဆက်ဆက်က ယောက်ျားလေးတွေ မိန်းမပိုးပန်းဖို့ သတ္တိရှိခဲ့တာချည်းပါ။

သူ့အလှည့်ကျမှ…

သူ… မိုးဆင့်ကို ခပ်တိမ်တိမ်သဘောထားနေတာလည်း ဖြစ်ချင်ဖြစ်မည်။ သို့တည်းမဟုတ် မလေးနက်တာလည်း ဖြစ်ချင်ဖြစ်မည်

သို့တည်းမဟုတ်တမင်သိချင်အောင်လုပ်ပြီး နောက်ပြောင် ကျီစယ်နေတာလည်း ဖြစ်ချင် ဖြစ်မည်။

မနှစ်တုန်းကဆို ခင်ရာမင်ရာသူငယ်ချင်းတွေကို မိုးဆင့်မေးမြန်းအစ်အာက်ခဲ့ပြီးပြီ။

ကိုယ့်ဆီကိုနှစ်စဉ်နှစ်တိုင်း မွေးနေ့လက်ဆောင်ပို့နေသူသည် တကယ်ပဲ ကိုယ့်အပေါ် ကောင်းသောစေတနာနှင့်မေတ္တာသက်ဝင်နေသူလား၊ တမင်နှောင့်ယှက်နေပြီး ကွယ်ရာမှာဟား တိုက်ရယ်မောနေသူလား။

မိုးဆင့် သိချင်မိတာအမှန်ပါ။

*

## အခန်း(၃)

“အေးကွာ… ငါလည်း ဘယ်လိုတိုက်တွန်းရမှန်းတောင် မသိတော့ဘူး”

ကိုဦးကညည်းလိုက်တော့ ကွန်ပျူတာစားပွဲရှေ့ ဖေဖော်စာရင်းဇယားတွေစစ်ပေးနေသော မိုးဆင့်က ပြုံးလိုက်မိ၏ ။

ကိုကြီးကိုဦးတို့ သူငယ်ချင်းလေးယောက်က အရမ်းရယ်ရသည်။ သူတို့အကြောင်းတွေ မိုးဆင့်သိနေတော့ မပြုံးပဲမနေနိုင်။

“ငါ… အောင်ကြီးကိုပြောတယ်၊ ဒီကောင် အရမ်းဆင်ခြေတွေပေးနေတယ်လို့” ကိုဦးကအား မလိုအားမရအသံနှင့်ဆို၏ ။

“မျက်စိမှိတ်ပြီး ဇွတ်ခုန်ချခိုင်းလိုက်ကွာ”

မိုးဆင့်က ခစ်ကနဲရယ်မိတာမို့ ကိုဦးကလှည့်ကြည့်၏ ။ မိုးဆင့်ကိုမျက်ခုံးပင့်ကာ မျက်လုံးပြူး ပြသည်။

“အေး… မင်းနဲ့သက်ထွန်း ဘယ်နေ့လာမလဲ” မိုးဆင့်ဆင့်က ကိုယ့်အလုပ်ထဲအာရုံနှစ်ထား ပေမယ့်ကြားနေရတော့ နားထောင်မိ၏ ။

“မနက်ဖြန်ညလား”

“အေး… ဟိုဘက်ကရော သေချာလား၊ ကျောင်းဆရာမမဟုတ်လား၊ ဒီကောင်သဘောကျ ရင်ကျမှာပေါ့… ဒီလောက်လည်း လက်မလျှော့ပါနဲ့ကွာ… တနေ့ဖြစ်ရမှာပေါ့။ ငါတို့သုံးယောက်ဝိုင်း လျှော်နေတာပဲ။ ပန်းတိုင်တော့ ရောက်မှာပါ။ မင်းမစိုးရိမ်နဲ့”

ကိုဦးကဖုန်းချပြီး ဟူးကနဲ လေပူမှုတ်ထုတ်၏ ။

“ဘာတဲ့လဲမောင်… ဟိုနေ့က သူတို့ချင်းတွေ့ကြတာ”ဟု မိုးဆင့်ဆင့်ယောင်းမက စိတ်ဝင် တစားမေး၏ ။

“အလကားပါကွာ။ မယူချင်လို့ လှည့်ပတ်ချေး(ဂျီး)ထူနေတာ၊ ဒီကောင်တော့ လူပျိုကြီးဇာ တာပါနေလားမသိဖူး”

ကိုဦးက သူ့မိန်းမကို ညည်းပြ၏ ။

“ဟိုနေ့ကတွေ့တဲ့တစ်ယောက်ကို ဘာပြောလဲ”

“အပြစ်မရှိ အပြစ်ရှာနေတာ အသုံးအဖြန်းကြီးတယ်တဲ့လေ”

“ဟုတ်လား”

“ပြီးတော့ မောင်နှမများတယ်တဲ့”

“အော်”

“ဘာမှမဟုတ်ဖူး… တမင်ရှောင်လွှဲနေတာ”

ကိုဦးက သူ့မိန်းမဘေးမှာ ဝင်ထိုင်လိုက်၏ ။

“ဒီလိုလုပ်ပါလား မောင်”

ယောင်းမ၏ စကားကို မိုးဆင့်နားစွင့်မိ၏ ။ ဘာတွေများ အကြံပေးအုံးမလဲမသိ။

“သူ့ကို ရေးခိုင်းလိုက်ပေါ့၊ သူလိုချင်တဲ့အချက်အလက်တွေ ဥပမာ… မောင်နှမအများဆုံး ဘယ်နှစ်ယောက်ဖြစ်ရမယ်၊ ဘာအလုပ်လုပ်ရမယ်၊ အဲဒါမျိုးပေါ့”

“မင်းမသိပါဖူးကွာ… ဒီကောင် နံပါတ်စဉ်တပ်ရေးရင် အချက်အလက်တွေအမျိုးပေါင်း ရာချီ သွားလိမ့်မယ်”

“ဟင်… ဟုတ်လား”

“ဟုတ်တာပေါ့… ပြီးခဲ့တဲ့လတုန်းက သက်ထွန်းရဲ့ ဆွေမျိုးနီးစပ်… ဟိုကောင်မလေး… ဘယ်သူ… နာမည်မေ့နေပြီ။ အဲဒီ ကောင်မလေးကိုကျတော့ ညစ်ပတ်လို့တဲ့။ ခေါင်းကုတ်လို့တဲ့… နောက် အောင်ကြီးခယ်မဝမ်းကွဲလေးကျတော့ တောသူမို့လို့တဲ့။ လှည့်ပတ်ရှောင်ထွက်နေတာ”

“ဟင်း… ဟင်း… ဟင်း”

မိုးဆင့်ယောင်းမက ရယ်သည်။ ကိုဦးက

“မရယ်နဲ့ ဒီကောင်မလွယ်ဖူး… လေးဆယ်နားနီးနေပြီ။ ငါတို့သုံးယောက် ဝိုင်းမလုပ်ပေးရင် ဒီကောင်လူပျိုကြီးဖြစ်တော့မှာ”

“သူမှမယူချင်တာ”

“မယူချင်ဘူးလို့ တစ်ခါမှမပြောဖူး”

“ဟုတ်လား”

“ငါတို့ရှာပေးသမျှ အကြောင်းအမျိုးမျိုးပြပြီး ဖယ်ချငြင်းပယ်နေတာ”

“သူ့မှာရည်ရွယ်ထားတာ ရှိလို့များလား”

“မရှိပါဖူးကွာ၊ မူးရင်တောင်ရှုစရာမရှိ၊ ငါတို့အသိဆုံး လူရိုးလူအေးကြီး”

ကိုဦးက ကြားထဲကနေ အရမ်းစိတ်ပူနေ၏ ။

“အသက်ကြီးလာရင် သူတစ်ယောက်ထဲဖြစ်နေမှာကွ၊ ငါတို့သုံးယောက်ကလေးတွေတောင် တဖြည်းဖြည်းကြီးလာပြီ။ ဒီကောင်ပဲ ကျန်ခဲ့တာ”

ကိုဦးက သူတို့သူငယ်ချင်းကြီးကိုစွမ်းတောက်အတွက် စိတ်ပူနေကြ၏ ။

“မောင်စဉ်းစားလို့မရဘူး”

“ဘာကိုလဲမောင်”

“လူပျိုကြီးဖြစ်တာ အကြောင်းရင်းနှစ်ချက်ရှိတယ်ကွ”

“ရိုးလွန်းရင်လည်း လူပျိုကြီးဖြစ်နိုင်တယ်၊ လည်လွန်းရင်လည်း လူပျိုကြီးဖြစ်နိုင်တယ်”

“အဲဒီ တော့”

“စွမ်းတောက်က ရိုးလွန်းတာလည်းမဟုတ်ဘူး၊ လည်လွန်းတာလည်းမဟုတ်ဘူး”

ကိုဦးက ဝေဖန်သုံးသပ်နေ၏ ။

“ဘာလို့ခုထက်ထိ လူပျိုကြီးဖြစ်နေမှန်းမသိဖူး”

“သိပ်လည်းပူမနေပါနဲ့ မောင်ရယ်၊ ဖြစ်လာမှာပေ့ါ၊ သူ့ဖူးစာဖက်ကို သူတွေ့လာမှာပါ”

စွမ်းတောက်က ရန်ကုန်မှာ တစ်ယောက်တည်းနေရသူပါ။ မိသားစုက နယ်မှာ။ သူက ချာတိတ်ကလေးတစ်ယောက်ကို အဖော်ခေါ်ထားပြီး အေးဆေးစွာနေထိုင်သည်။ ဇနီးမယားတစ် ယောက်လိုအပ်နေတာ သူများထက်ပိုသိသာသည်။ တစ်ယောက်တည်းဆိုတော့ အထီးကျန်တာပို ပေါ်လွင်၏ ။

မိုးဆင့်ဆင့်က ကွန်ပျူတာပိတ်ပြီး ခါးကလေးဆန့်လိုက်၏ ။

“ညီမလေးမိုးဆင့်”

“ဟင်”

ကိုဦးက မိုးဆင့်ကိုသတိရသွားသလို လှမ်းခေါ်၏ ။

“နင့်သူငယ်ချင်းတွေမှာ အဒေါ်အပျိုကြီးတွေ မရှိဖူးလား။ ဆရာမတွေ

ဘာတွေရော၊ နင်တို့ ဆရာမတွေ ဒီလောက်များတာ၊ အပျိုကြီးချောချောမရှိဖူးလား”

ဖြစ်ချင်ဇာနှင့်မေးနေသော ကိုဦးကို မိုးဆင့်က “ကျွတ်…ကျွတ်… ဟိုကဖြင့် အရမ်းဂျီး(ချေး) ထူ၊ အရိုးများတယ်၊ ချေး(ချီး)ခါးတယ်နဲ့။ ကိုဦးက လက်မလျှော့သေးဖူး။ အဲဒီ လောက်ရွေးနေရ အောင်သူကရော ဘယ်လောက်ပြီးပြည့်စုံနေလို့လဲ တကဲတည်း”

မိုးဆင့်စကားကို ယောင်းမက ရယ်သည်။

“သူ ဒီလောက်အရွေးလွန်နေမှတော့ လူပျိုကြီးပဲလုပ်ပါစေတော့ ကိုဦးရယ်”

“အေးဟာ… သူ့ကိုမိန်းမရှာပေးရတာ တော်တော်ခက်တယ်၊ ငါနောက်တစ်ယောက်ယူရင် ဒီလောက်မခက်ဖူး… အား”

ယောင်းမက ဆိတ်လိုက်တာမို့ ကိုဦးကထအောင်သည်။

“ရွှတ်နောက်နောက်နဲ့”

မိုးဆင့်ဆင့်က အပေါ်ထပ်တက်လာခဲ့၏ ။

ထိန်ထိန်သာနေသော လမင်းကြီးကိုမော့ပြီး ငေးကြည့်နေမိ၏ ။

လရောင်သည် လူ့စိတ်ကို ဖမ်းစားနိုင်သည်။ သီချင်းလေးတစ်ပုဒ်ကို တိုးတိမ်စွာညည်းမိ၏ ။

ထူးဆန်းနေတာက မိုးဆင့်ဆင့်မှာ လရောင်ကိုကြည့်ပြီး သတိရစရာချစ်သူမရှိသေးပါ။

လမင်းမှာ အကြည့်ချင်းဆုံရအောင်ဟု တစ်ယောက်ယောက်ကပြောလာလျှင် ထိုကြည်နူး သာယာမှုသည် ဘယလိုလေးများဖြစ်မလဲဟု တွေးနေမိသည်။

သူငယ်ချင်းတွေက ချစ်သူကိုယ်စီ တွေ့နေကြပါပြီ။
မိုးဆင့်တစ်ယောက်သာ ချစ်သူမတွေ့ သေးတာ။

*

## အခန်း(၄)

“ကိုစွမ်း... ကိုစွမ်း ထပါအုံးဗျ”

စွမ်းတောက်ကလှုပ်နိုးနေတာကိုသိရှိပြီး ကျိန်းစပ်နေသောမျက်လုံးအလုံးစုံကို ကြိုးစားဖွင့်မိ ၏ ။ ညက ညဥ့်နက်မှဘောလုံးပွဲထကြည့်ခဲ့သည်။ မနက်မိုးလင်းလင်းချင်း စောစောစီးမှာအလိုက် ကန်းဆိုးမသိလာနှိုးတာ အရမ်းဒေါသဖြစ်စရာကောင်းပါသည်။ သူ ဘုကြည့်ကြည့်မိ၏ ။

“ထပါအုံးဗျ”

“မင်းကွာ... ဘာလို့လာနှိုးတာလဲ”

“မေးစရာရှိလို့ပါ... ခဏလေး” စွမ်းတောက်က ဗလကို ခပ်စူးစူးကြည့်၏ ။

“ဘာလဲ၊ ဘာကိစ္စမို့လို့ ဒီလောက်အရေးတကြီးနှိုးပြီး မေးရတာ လဲကွ”

ဗလက တဟဲဟဲရယ်ပြီး “ဟိုဘက်ခန်းကို ကောင်မလေး သုံးယောက်ပြောင်းလာပြီဗျ။ မနေ့ က ကျွန်တော်မရှိတော့ ကိုစွမ်းတွေ့မှာပဲဆိုပြီး”

“ဟာကွာ... မင်း... ကျွတ်... တကယ်ပဲ၊ အဲဒါနိုးလာမှမေးလည်း ရသားပဲ”

“နိုးတဲ့အထိ မစောင့်နိုင်လို့ပေါ့ဗျာ၊ မနေနိုင်တော့လို့”ဟု ဗလကဝန်ခံသည်။

“ဘာလို့မနေနိုင်ရမှာလဲ”

“အရမ်းလှတယ်ဗျာ၊ ရက်ရက်စက်စက်ကိုလှတာဗျ၊ ကိုစွမ်းတွေ့တယ်မဟုတ်လား”

ဗလအသံက အားပါးတရကြီး သိန်းသုံးရာထီကြီး ဆက်တိုက်ပဲပေါက်နေသလိုလို

“ငါလုံးဝစိတ်မဝင်စားဘူး”

“ဗျာ”

“သတိလည်းမထားမိဖူး၊ ကြည့်လည်းမကြည့်မိဖူး”

“ဟိုက် … မေးမိတာမှားပြီ” ဗလက ခေါင်းကုတ်သည်။

“မနေ့က ကိုစွမ်းရှိတာပဲဗျာ… ဘာမှမသိဖူးလား၊ နာမည်လေးဘာလေး”

“ဘယ်သိမလဲကွ”

“တုံးတယ်ဗျာ… ပိန်းတယ်”

“မင်း စိတ်ဝင်စားရင် မင်းသွားမေး”

“ပေါ်တင်ကြီးကောင်းပါ့မလား”

“ဒါကျကောင်းပါ့မလား၊ ငါ့ကိုလာနှိုးတာကျတော့ ကောင်းသလား”

စွမ်းတောက်က ဗလကို လက်သီးနှင့်ရွယ်၏ ။

“အစ်ကိုက အချင်းချင်းတွေပဲ၊ ကျွန်တော်အားမနာဖူး”

“သွားစမ်းကွာ၊ မင်းတကယ် အနှောင့်အယှက်ပဲ။ မင်းနဲ့ကြာကြာနေရင် အသက်တိုနိုင် တယ်”

ဗလက တဟီးဟီးရယ်နေ၏ ။

အမှားတစ်ခုခုလုပ်ပြီးလျှင် သူအဲ့ဒီလို ရယ်မောနေကြပါ။

မလုံအလဲပုံစံနှင့်။

“အစ်ကို ညက ဘောလုံးပွဲကြည့်တာသိပါတယ်။ အရမ်းလှလွန်းတော့ ကျွန်တော်လည်းသိ ချင်စိတ်တွေ တလိုမ့်လိုမ့်တက်လာပြီး ...”

“ကဲပါကွာ... ကော်ဖီသွားဖျော်တော့ အခုမှတော့ ပြန်အိပ်လည်းမရတော့ဘူး”

ဗလက သူ့အနားကနေ လှည့်ထွက်သွား၏ ။

စွမ်းတောက်က သတ္တိကြောင်သူတစ်ယောက်လား။ သူ့ကိုယ်သူဆန်းစစ်ကြည့်ကာ အားမရ ချင်ပါ။ သူဘာလို့ ရဲရဲဝံ့ဝံ့မရှိရတာ လဲ။

ရင်ထဲကအချစ်သစ်ပင်ကလေးသည် နှစ်ပေါင်းများစွာ တယုတယစိုက်ပျိုးခဲ့တာမို့အခုချိန်မှာ ရှင်သန်သီးပွင့်ဝေဆာ လန်းဆန်းနေခဲ့ပြီ။

အချစ်သည် ပျိုးပင်ငယ်မဟုတ်တော့ပါ။

နှစ်ပေါင်းများစွာ သူ့နှလုံးသားကိုမြစ်တွက်အုံခဲထားခဲ့ပြီမို့ သူ့နှလုံးသားတစ်ခုလုံးသည် ထို အချစ်သစ်ပင်၏ အမြစ်များ ယှက်ဖြာချည်နှောင်ခြင်းကို လုံးလုံးခံခဲ့ရပါပြီ။

အခုအချိန်မှာ ထိုအချစ်သစ်ပင်ကို နှလုံးသားထဲက သူ့ရင်ထဲကဆွဲနှုတ်မရတော့သလို နောက်ထပ်အချစ်သစ်တစ်ခုအတွက် နေရာပေးစရာလည်း မရှိတော့ပါ။

ဒါကို သူပဲသေချာနားလည်သည်။

“ကိုစွမ်း... လာပါအုံးဗျာ”

ကော်ဖီဖျော်ပါဆိုမှ မီးဖိုချောင်ဘက်မသွားပဲ ဗလအသံက ဂရန်တာကနေထွက်လာ၏ ။

"ဘာဖြစ်ပြန်ပြီလဲ"

စွမ်းတောက်က ကုတင်ပေါ်ကဆင်းပြီး ဂရန်တာဘက်လျှောက်လာ၏။

"ရေလည်လှတယ်၊ သန့်သန့်ကလေး၊ ဟိုမှာသွားပြီ၊ အဲဒီ တစ်ယောက်က ဘယ်မှာအလုပ် ဆင်းတာလည်း မသိဖူး"

ဗလက လမ်းလျှောက်သွားနေသော ကောင်မလေး၏ နောက်ကြောကို လှမ်းကြည့်ကာမေး ငေါ့ပြပြီး ပြောလာ၏။ ဆံပင်စင်းစင်းကလေး အရပ်မြင့်မြင့် အသားဖြူဖြူကလေးမို့ ချောတာတော့ ငြင်းမရ။

"မင်းအသည်းအသန်ဖြစ်နေလည်း ကြိုးစားပေါ့ကွာ၊ တစ်ခုတော့ရှိတယ်၊ ငါမျက်စိနောက် အောင် နားညည်းအောင်တော့ မလုပ်နဲ့"

"ဘယ်တစ်ယောက်ကို ကြိုးစားရမလဲမသိဖူး"

"ဖြစ်ရမယ်ကွာ။ ဘယ်တစ်ယောက်ကိုရွေးရမှန်း မသိပဲဖြစ်နေတာအကြောင်း မဟုတ်ဖူး၊ မင်း ဒီဂရန်တာမှာပဲရပ်ပြီး ခြေအေးဂမ်းယောင်ဖြစ်ပြီး လေစိမ်းတိုက်ငန်းဖျားဖျားမှ ခက်မယ်"

စွမ်းတောက်စကားကြောင့် ဗလရှုံ့မဲ့သွား၏။ "ညှာညှာတာတာပြောပါ အစ်ကိုရာ"

"ငါ့ကို အစောကြီးလာနှိုးကတည်းက မင်းကိုကြည့်မရတာ ။ ဟိုဘက်ကြီးပဲ လှည့်စောင်း ကြည့်မနေနဲ့။ ဇက်လည်း လိမ်သွားအုံးမယ်"

ဗလက တစ်ဖက်ခန်းဂရန်တာကိုပဲ အသေအလဲစိုက်ကြည့်နေတာ။

"အော်... အစ်ကို"

"ဘာလဲ ... ပြော"

"မနေ့က ဖုန်းလာတယ်"

မနေ့က ဖုန်းဝင်လာတာကို ဒီကောင်မပြောပဲ ထွက်သွားခဲ့တာလား။ မေ့သွားတာလား။

"မနေ့က မင်းမှမရှိဘဲ"

"ကျွန်တော်မသွားခင် ဖုန်းအစောကြီးလာတာ"

"အဲဒါ အခုမှပြောရသလား"

"ဟုတ်တယ်ဗျ၊ မေ့သွားတာ"

"ဘယ်သူလဲ၊ ဘာကိစ္စတဲ့လဲ"

"အစ်ကို့တူလေ၊ ကိုသန့်စင်လား"

"သန့်စင်ဆက်တာလား"

"ဟုတ်တယ်"

စွမ်းတောက်က ငြိမ်သက်စဉ်းစားနေ၏ ။

"အရေးကြီးလို့လား အစ်ကို"

"အေး ... ရပါတယ်၊ ငါသူ့ကို ပြန်ဆက်သွယ်လိုက်မှာပေါ့"

"ကျွန်တော်ပြောမလို့ပဲ၊ မေ့သွားတာဗျ"

"ဒါမျိုးကျတော့ မေ့တယ်"

"ဟော ... ဟိုမှာ ... နှစ်ယောက်၊ သူတို့နှစ်ယောက်က အတူတူသွားတယ်၊ ဟိုတစ်ယောက် ကသပ်သပ်သွားတယ်။ ဘာလို့လဲ"

"ဘယ်သိမလဲ"

"ချောလိုက်တာဗျာ၊ ဒီနှစ်ယောက်လည်း တမျိုးစီလှတယ်။ အလှချင်းပြိုင်နေသလား ထင်ရ တယ်"

“ငမ်းငမ်း မျက်စိတဆုံးသာငမ်း”

“အသက်ရှည်ဆေးဗျ”

စွမ်းတောက်ကဗလလက်မောင်းကို တစ်ချက်ဆွဲထိုးလိုက်၏။ ဗလမျက်လုံးတွေကလျှောက် သွားသောကောင်မလေး နှစ်ယောက်နောက်ကမခွာ။

“မင်းမျက်လုံးတွေ ကျွတ်ထွက်ကပ်ပါသွားအုံးမယ်။ ငါတောင် မျက်နှာပူလာပြီ”

စွမ်းတောက်က အိမ်ထဲလှည့်ဝင်လာခဲ့၏။ ဗလငမ်းမယ်ဆိုလည်း ငမ်းချင်စရာပါ။

ကောင်မလေးတွေက ချောပါသည်။ ဖြူဖြူသန့်သန့်လေးတွေ။ ဆံပင်စင်းစင်းကလေးတွေနှင့် ဖိနပ်ခွာချွန်ချွန်ကလေးတွေနှင့် ခေတ်စတိုင်လ်အပြည့်။

“ဘယ်လိုလူကြီးလဲ၊ နှလုံးသားမရှိဖူး”

ဗလက သူ့ကို လှမ်းအော်နေသည်။

“ရေခဲတုံးကြီး” စွမ်းတောက်ပြုံးမိသည်။

“မချစ်တတ်တဲ့လူကြီး”

သူ့ကို ဂရန်တာကနေ တစ်မျိုးပြီးတစ်မျိုးအမည်တပ်နေ၏။ သူကဂရုမစိုက်ပဲ ဗေစင်မှာသွား တိုက်၊ မျက်နှာသစ်သည်။ ရေချိုးခန်းထဲဝင်ကာ ရေချိုးသည်။

ကောင်မလေးသုံးယောက် မြင်ကွင်းထဲကပျောက်သွားသော်လည်း ဗလဂရန်တာကမခွာနိုင် သေးပါ။ ဖြတ်သွားဖြတ်လာကောင်မလေးတွေကို ကောင်းကောင်းငမ်းနေတုန်းပါပဲ။

သူ့အတွက် ခုထက်ထိ ကော်ဖီမဖျော်သေးပါ။ စွမ်းတောက်က ရေချိုးရင်းစဉ်းစားသည်။

တူလေးသန့်စင်ဆီသွားပြီး လှော်ကက်ရည်ဆိုင်အတူတူထိုင်ပြီးမှ အလုပ်သွားမည်။

*